**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ်၊ ၃၃ / ၂၀၁၆**

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်**

**( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက် )**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ ( ခ ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၁၆ခုနှစ် ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ် အရောင်းပြခန်း (Show Room) တွင် ရောင်းချရန်မော်တော်ယာဉ်တင်သွင်းရာတွင်အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(က) မော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်ရန်အတွက် မြန်မာနိုင်ငံသားမှဖြစ်စေ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ဆောင်ရွက်ခြင်းဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ဝန်ဆောင်မှုကုမ္ပဏီအဖြစ် မှတ်ပုံတင်လက်မှတ် ရရှိထားသည့် ကုမ္ပဏီဖြစ်ရမည်ဖြစ်ပြီး၊ ယင်းကုမ္ပဏီသည် တစ်ဖက်နိုင်ငံရှိပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ Regional Office မှ ဖြစ်စေမော်တော်ယာဉ်အသစ်များ ဖြန့်ဖြူးရောင်းချရန် အရောင်းကိုယ်စားလှယ် Distributorship သို့မဟုတ် Dealership ဖြင့် တရားဝင်ခန့်အပ်ခြင်းခံရသည့်ကုမ္ပဏီဖြစ်ရမည်။

( ခ ) မော်တော်ယာဉ် အရောင်းပြခန်းဖွင့်လှစ်မည့် ကုမ္ပဏီတစ်ခုအတွက် စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ်တစ်ခုဖြင့်သာဆောင်ရွက်ရမည်။

( ဂ ) မော်တော်ယာဉ် အရောင်းပြခန်းဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီ၏ ဘဏ်စာရင်းတွင် အာမခံငွေ(Deposit) အဖြစ် အမေရိကန်ဒေါ်လာ တစ်သိန်းအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် သီးခြားငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဃ) ကုန်သွယ်ခွန်နှင့် Withholding Tax များ ပေးဆောင်ခြင်းကို ပြည်တွင်းအခွန်များဦးစီးဌာန၏ သတ်မှတ်ချက်များအတိုင်းလိုက်နာဆောင်ရွက်ရမည်။

( င ) ရောင်းချပြီး မော်တော်ယာဉ်များအတွက် တစ်ဖက်နိုင်ငံသို့ ယာဉ်တန်ဖိုးပေးချေရာတွင် ငွေလွှဲလုပ်ငန်းများအားသက်ဆိုင်ရာ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဘဏ္ဍာရေးစည်းမျဉ်းများအတိုင်းလိုက်နာဆောင်ရွက်ရမည်။

(စ) မော်တော်ယာဉ်အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းလာသည့် မော်တော်ယာဉ်များသည် အသစ် (Brand New) ဖြစ်ရမည်။

(ဆ) တင်သွင်းလာမည့် မော်တော်ယာဉ်များ၏ Model Year သည် ရောက်ရှိခုနှစ်နှင့် ရောက်ရှိခုနှစ်အောက် တစ်နှစ်နိမ့်ပြီး (လက်ရှိကာလတွင် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် မော်ဒယ်) အသုံးမပြုရသေးသော Brand New ဖြစ်ရမည်ဖြစ်ပြီး ဘယ်စတီယာရင် တပ်ဆင်ထားသည့် ယာဉ်ကိုသာတင်သွင်းရမည်။

(ဇ) မော်တော်ယာဉ် အရောင်းပြခန်းတွင် ပြသရောင်းချမည့် မော်တော်ယာဉ်များကို တင်သွင်းရာတွင် အပ်ကုန် (Consignment Basic)စနစ်အပြင် LC (Letter of Credit) ငွေလွှဲစာတမ်းဖြင့် ပေးချေသည့်စနစ် သို့မဟုတ် TT ( Telegraphic Transfer) ကြေးနန်းငွေလွှဲပို့နည်းစနစ်ဖြင့်တင်သွင်းနိုင်သည်။

(ဈ) မော်တော်ယာဉ်များကိုတင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ရန်ကုန်ဆိပ်ကမ်းအရောက် တင်သွင်းရမည်။

(ည) မော်တော်ယာဉ် အရောင်းပြခန်းများတွင် ရောင်းချရန်အတွက်တင်သွင်းလိုသည့် မော်တော်ယာဉ်အရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ဆက်စပ်ဆောင်ရွက်မည့် တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းများ၏ အခါအားလျော်စွာ ထုတ်ပြန် သတ်မှတ်သည့် အရေအတွက်အတိုင်းသာ တင်သွင်းရမည်ဖြစ်ပြီးမော်တော်ယာဉ် ဥပဒေအရနှစ်စဉ်အတည်ပြု ထုတ်ပြန်သော မော်တော်ယာဉ်အမျိုးအစားများနှင့် မော်ဒယ်နှစ်များအတိုင်းသာတင်သွင်းရမည်။

(ဋ) တင်သွင်းလာသောမော်တော်ယာဉ်များကို သတ်မှတ်ထားသောမော်တော်ယာဉ်အရောင်းပြခန်းနှင့် သိုလှောင်ရုံတွင်သာထားရှိရမည်။ ယင်းအရောင်းပြခန်းမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်း၊ ဝယ်သူအားရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝမပြုလုပ်ရ။

(ဌ) သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရမည်။

(ဍ) မော်တော်ယာဉ်အရောင်းပြခန်းကိုအဆင့်မီစွာတည်ထောင် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဎ) တင်သွင်းသည့်မော်တော်ယာဉ်အသစ်များအတွက် လိုအပ်သည့်အာမခံမှု၊ Spare Partsအပိုပစ္စည်းများရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပိုင်းပြင်ဆင်မှုများ

(After Sale Services) ကိုဆောင်ရွက်နိုင်မည့် အလုပ်ရုံကိုတည်ထောင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဏ) အရောင်းပြခန်းဖွင့်လှစ်မည့်နေရာနှင့် သိုလှောင်ရုံသတ်မှတ်ချက်သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်မည့် တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းများ၏ အခါအား လျော်စွာထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

(တ) မော်တော်ယာဉ် အရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည်ယင်းအရောင်းပြခန်းဖွင့်လှစ်မည့်သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာတည်ရှိရမည်။

(ထ) မော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီအနေဖြင့် ခွင့်ပြုထားသော မော်တော်ယာဉ် တင်သွင်းခွင့်လိုင်စင်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်းမပြုရ။

(ဒ) မော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်သည့်ကုမ္ပဏီအနေဖြင့် အရောင်းပြခန်းတွင်(၁)နှစ်အတွင်း မရောင်းရသော မော်တော်ယာဉ်များကိုဖြစ်စေ၊ လုပ်ငန်းရပ်ဆိုင်း၍ ကျန်ရှိနေသော မော်တော်ယာဉ်များကိုဖြစ်စေ စာရင်းရှင်းလင်း၍ ယင်း ကုမ္ပဏီ အစီအစဉ်ဖြင့် ပြည်ပသို့ ပြန်လည်တင်ပို့ရမည်။

(ဓ) အပ်ကုန် (Consignment) ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များ ရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန်စာရင်းရှင်းလင်းခြင်း (သို့မဟုတ်) လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ စာရင်းရှင်းလင်းခြင်းတို့ကိုအပြီးသတ်ဆောင်ရွက်ပြီးပါကအပ်နှံထားသောအာမခံငွေ (Deposit) ဒေါ်လာတစ်သိန်းအားပြန်လည်ထုတ်ယူနိုင်သည်။

(န) မော်တော်ယာဉ်အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ ထားရှိရမည့်စာရွက်စာတမ်း၊ လယ်ဂျာစာရင်းစာအုပ် စသည်တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဖြစ်စေ တာဝန် လွှဲအပ်သည့် အဖွဲ့အစည်းမှ ဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(ပ) အရောင်းပြခန်းလက်မှတ်၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ်တို့ကို အနည်းဆုံးသက်တမ်းမကုန်မီ (၁) လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

၃။ အထက်အပိုဒ် ၂ ပါ စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက သက်ဆိုင်ရာဌာနများ၏ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

(ပုံ)

( ဝင်းမြင့် )

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စက - ၁၁ / ၁ - ၂၀ / ၂၀၁၆ ( ၂၃ )

ရက် စွဲ ၊ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး

အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန

| | | |
|---|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | } | မြန်မာနိုင်ငံပြန်တမ်းတွင်<br>ထည့်သွင်းကြေညာပေးပါရန် |

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်